


ဉက္ကဋ္ဌကြီး Dieter F. Uchtdorf
(ဒိုင်တာ အက်ဖ် အုချ်ဒရော့ဖ်)
ပထမဉက္ကဋ္ဌအဖွဲ့၏
ဒုတိယကောင်စီအဖွဲ့ဝင်

# ယုံကြည်ဆုပ်ကိုင်ခြင်းအား ပိုမိုမြဲမြံပါစေ

ကတ်လန်းကာလ၏ ကြံ့ခိုင်သောမှတ်သားဖွယ်ရာ တစ်ခုအနေဖြင့် ကျွန်ုပ်တို့သည်ဝိညာဉ်ရေးရာတွင် တသမတ်တည်းမပြောင်းလဲပဲ ပြည့်ဝနေရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့တွေ့ကြုံရမည့်ဆိုးကျိုးများကြားမှ အသက်ရှင်နေထိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် နေ့စဉ် နီးကပ်စွာရှိနေရန် လိုအပ်ပါသည်။

လွန်ခဲ့သောနွေရာသီတွင် ကျွန်ုပ်နှင့်ဇနီးသည်တို့သည် ကျွန်ုပ်တို့၏ အမွှာမြေးနှစ်ယောက် အားခေါ်ဆောင်ကာအိုဟိုင်းယိုးရှိကတ်လန်းသို့သွားရောက်ခဲ့သည်။ ဤခရီးသည်ကျွန်ုပ်၏ မြေးနှစ်ယောက်သူတို့၏ အလုပ်တာဝန်များကို သွားရောက်မထမ်းဆောင်မီ သူတို့နှင့်အတူတကွ အပန်းဖြေရသောခရီးဖြစ်သော ကျွန်ုပ်တို့ အတွက် တန်ဖိုးမဖြတ်နိုင်သောအအထူးခရီးတစ်ခုဖြစ်သည်။

ထိုနေရာသို့ သွားရောက်လည်ပတ်စဉ်အချိန်တွင်၊ ဂျိုးဇက်စမစ်နှင့် ကတ်လန်းတွင် နေထိုင်ခဲ့သော သူတော်စင်တို့၏ အခြေအနေကို ပိုမိုသိရှိနားလည်ခဲ့ပါသည်။ အသင်းတော်၏သမိုင်းတစ်ခေတ်သည် ပြင်းထန်သော စမ်းသပ်စစ်ဆေးမှုများနှင့် ပြည့်နှက်နေသကဲ့သို့ အမြင့်မားဆုံးသော ကောင်းချီးကိုလည်း ရရှိခဲ့ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့သိရှိခဲ့ပြီးသောဝေဖန်ပိုင်းခြားခြင်းကိုခံနိုင်သည့် အချို့သောကောင်းကင်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ဝိညာဉ်ဆိုင်ရာ ဆုကျေးဇူးများကို ဤကတ်လန်းတွင်ပင် အပ်နှင်းခဲ့ခြင်းဖြစ်သည်။ ခြောက်ဆယ့်ငါးပိုင်းပါရှိသော ဒေသနာနှင့် ပဋိညာဉ်ကျမ်းအားလည်း ဤကတ်လန်းတွင်ပင် ကျွန်ုပ်တို့ လက်ခံရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုကျမ်းမှဗျာဒိတ်တော်အရအသစ်သော အသိဉာဏ် အလင်းရောင်ဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် ဒုတိယအကြိမ်ကြွမြောက်တော်မူခြင်း၊ လိုအပ်သည်များကိုဖြည့်ဆည်းခြင်း၊ ကယ်တင်ခြင်းအစီအစဉ်၊ ယဇ်ပုရောဟိတ်၏အခွင့်အာဏာ၊ ပညာရှိအဆုံးအမ၊ အစာရှောင်ဆုတောင်းခြင်း၊ ဆယ်ဖို့တစ်ဖို့လှူခြင်း၊ ဗိမာန်တော်နှင့် ခန့်အပ်ဆက်ကပ်ခြင်းနည်းလမ်းများစသည့် အကြောင်းအရာ များကို သယ်ဆောင်လာခဲ့ပါသည်။

ထိုအချိန်ကာလသည် ဝိညာဉ်ဆိုင်ရာ အတုမရှိတိုးတက်သောအချိန်ပင် ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း တောက်လောင်နေသော မီးတောက်ကဲ့သို့ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှင်အဖဘုရား၊ သူ၏သားတော် ကယ်တင်ရှင်ယေရှုသခင်အပါအဝင် မောရှေ၊ ဧလိယနှင့် အခြားသော ပရောဖက်များ ဤကာလအပိုင်းအခြားတွင် ပေါ်ထွက်လာခဲ့ကြပါသည်။

ဗျာဒိတ်တော်များအားလုံးမှ ဤကတ်လန်းဒေသတွင်ဂျိုးဇက်ရရှိခဲ့သော တစ်ခုသောဗျာဒိတ်မှာ "ကောင်းကင်ဘုံသစ်ပင်မှ ခူးဆွတ်ယူ ခဲ့သော ... သံလွင်ရွက်နှင့် ဘုရားသခင်ထံမှ ကျွန်ုတို့နှင့် ငြိမ်းချမ်း ရေး ပဋိညာဉ် ဖြစ် သော သတင်းစကား"ကို ရယူခဲ့ခြင်းပင်ဖြစ်သည်။ (ဒေသနာနှင့် ပဋိညာဉ်ကျမ်း ၈၈ ကို စတင်မိတ်ဆက်ခြင်း။ ထိုကဲ့သို့ ထူးထူးခြားခြားဗျာဒိတ်တော်တွင် လေးနက်ဆန်းကြယ်သော ဖိတ်ခေါ်ခြင်းအဖြစ် "ငါ၏အနားသို့သင်ရောက်အောင်လာလျှင် ငါသည်လည်း သင်၏အနားသို့ရောက်အောင်လာလိမ့်မည်၊ ငါ့အားလုံ့လဝီရိယစိုက်၍ ဆုပ်ကိုင်နိုင်ခြင်းဖြင့် သင်တို့သည် ငါ့အားတွေ့ရှိလိမ့်မည်" (ဒေသနာနှင့် ပဋိညာဉ်ကျမ်း ၈၈း၆၃)။ ကတ်လန်းမှသူတော်စင်များသည် ဘုရားသခင်အနားသို့ ရောက်အောင်သွားနိုင်ခဲ့သလို ဘုရားသခင်ကလည်း သူတို့အနားသို့ရောက်ရှိခဲ့သည်။ ထိုအရာသည်ကား သစ္စာစောင့်သိစွာ ယုံကြည်သူ၏ဦးခေါင်းပေါ်သို့ ကောင်းကင်ဘုံမှ ကောင်းချီးမင်္ဂလာအား သွန်း လောင်းခြင်းပင်ဖြစ်ပါသည်။

## ဝိညာဉ်ရေးရာသွန်းလောင်းခြင်း

၁၉၃၆ခုနှစ်၊ မတ်လ၂၇ရက်အချိန် ဤကတ်လန်းကျောင်းတော်အားရည်ညွှန်း၍ ဝိညာဉ်ဆိုင်ရာဆင်းသက် ကြွရောက်ခြင်းသည် အထွတ်အထိပ်ရောက်သောကာလဟု ပြောကောင်းပြောနိုင်ပါသည်။ ထိုအထဲမှ ယခု လက်ရှိပုဂ္ဂိုလ် "ပင်တေကုတ္တေနေ့" အားသတ်မှတ်ပေးသူ၊ ထိုစဉ်က အသက် ၂၈ နှစ်သာ ရှိသေးသော ဝီလျမ်ဒရာပါ ရေးသားထားသည်မှာ "ထိုအချိန်သည်ကား ဘုရားသခင်၏ ဝိညာဉ်တော် ဆင်းသက်သွန်းသော အချိန်ပင်ဖြစ်ပေသည်၊ ထိုအကြောင်းအား ကျွန်ုပ်၏ကလောင်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း ပြောပြရန် မပြည့်စုံ မလုံလောက်ပေ။ သို့သော်လည်း ကျွန်ုပ်ပြောနိုင်သည် တစ်ခုမှာ ဝိညာဉ်တော်သည် အင်အားကြီးမားသော တဟုန် ထိုးတိုက်ခတ်သည့် လေအရှိန်ကဲ့သို့ ဆင်းသက်သွန်းလောင်းခြင်းအားဖြင့် အိမ်တော်အားပြည့်စုံစေခဲ့ပါသည်။ ထိုအကြောင်းအရာအများစုမှာ ယနေ့ခေတ် ကျွန်ုပ်တို့ပါးစပ်များတွင်ပြောဆိုနေကြသော တမန်တော် များနှင့်ပရောဖက်များ၏ ဗျာဒိတ်ရူပါ

ရုံများပင်ဖြစ်ပြီး ယနေ့ခေတ် မျက်မှောက်ကာလတွင် ကြားပင်မကြားဖူးသော ထိုဝမ်းမြောက်ဖွယ်ကောင်းသော အချိန်ကာလများသည် ထိုခေတ်ကာလက အမှန်တကယ်ပင် ရှိခဲ့ပါ သည်။

ဝိညာဉ်ဆိုင်ရာ ဆင်းသက်ကြွရောက်ခြင်းများဖြစ်သော ပတ်ဝန်းကျင်တွင်ပုံမှန်မဟုတ်သော အသံများကိုကြားရခြင်း၊ ဗိမာန်တော်အထက်တွင်တည်သော မီးလင်းတိုင်ကဲ့သို့သော အလွန်တောက်ပသည့်အလင်းရောင် အလင်းတန်းများကိုမြင်ရခြင်းစသည့် ယခင်ဆင်းသက်လာသူတို့ မြင်ကြားခဲ့ရသည့်အတိုင်းသာဖြစ်ရမည်ဟု ကန့်သတ်ထားခြင်းမရှိပါ။ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်ဖွယ်ရာတစ်ခုခုကို မြင်ကြားတွေ့ရခြင်းသည်လည်း ဝိညာဉ်တော်ဆင်းသက်ခြင်းပင်ဖြစ်ပါသည်။

နောက်ပိုင်းကာလ အသင်းတော်ဥက္ကဋ္ဌတစ်ဦးဖြစ်သူ လိုရမ်ဇို စနိုး (၁၈၁၄–၁၉၀၁) သည် ကောင်းချီးတော်ခံစားရစဉ်ကာလ၌ ဤကတ်လန်း၌ပင် နေထိုင်သွားခဲ့ပါသည်။ သူ၏လေ့လာတွေ့ရှိချက်မှာ “သွေးဆောင်ဖြားယောင်းမှုမဟုတ်သောအံ့ဖွယ်ဆန်းပြားဖွယ်ကောင်းသည့် ဝိညာဉ်တော်ဆင်းသက်ကြွ ရောက်ခြင်းအား မြင်တွေ့ရသောသူသည် သူတော်စင်များထက်ပင် သာလွန်သောကောင်းချီးကို ခံစားရသည်ဟု တွေးထင်ပေလိမ့်မည်”ဟူ၍ ဖြစ်ပါသည်။

သို့သော် ကြီးမြတ်သောဝိညာဉ်ဆိုင်ရာ ကိုယ်တွေ့ဖြစ်စဉ်များသည် ကျွန်ုပ်တို့အား ဆန့်ကျင်ဘက်များ စစ်ဆေးစီရင်မှုများမှ လွတ်မြောက်အောင် မစွမ်းဆောင်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဗိမာန်တော် ရည်ညွှန်း ဝတ်ပြုပွဲအပြီး လွန်ခဲ့သော လအနည်းငယ်ကြာက ကမ္ဘာတဝှမ်းရင်ဆိုင်နေရသော စီးပွားပျက်ကပ်သည် အမေရိကန်ပြည်ထောင်စုအားလည်း လူပ်ခါစေခဲ့ပါသည်။ ထိုအထဲတွင် ကတ်လန်းသည် အဆိုးဝါးဆုံးသော သက်ရောက်မှုကို ရရှိခဲ့ပါသည်။ ဘဏ်လုပ်ငန်းများကျဆင်းခြင်း၊ လူအားလုံး စီးပွားရေးအခြေ အနေကျပ်တည်းခဲယဉ်းမှုကိုရင်ဆိုင်ရခြင်းတို့ကြုံတွေ့ခဲ့ရပါသည်။ အရာအားလုံးကို ဆိုးဝါးစေခဲ့ပါသည်။ ကတ်လန်းသို့ လာရောက်လုပ်ကိုင်သော သူတော်စင်အပေါင်းတို့သည်လည်း ဝတ္တုပစ္စည်းရှားပါးခြင်းနှင့်အတူ ရောက်လာပြီးသော ဤဒေသ၌ မည်သို့ရှေ့ဆက်လုပ်ကိုင်အသက်ဆက်ရမည်ကို စဉ်းစား၍ မရနိုင်အောင် ဆိုးဝါးခဲ့ပါသည်။

များမကြာသော အချိန်ကာလတွင်၊ နှိပ်ကွပ်ခြင်းသည်ဖြစ်ပေါ်လာ၍ အချို့သောအုပ်စုများသည် သူတော်စင်များ အားဆန့်ကျင်ခြင်းကိုပြုလာခဲ့သည်။ အချို့သောအသင်းတော်မှ ပရောဖက်များနှင့် နီးကပ်သောသူများကပင် ဂျိုးဇက်စမစ်အားကျရှုံးသော ပရောဖက်အဖြစ် ကဲ့ရဲ့ပြစ်တင်ခဲ့ကြသည်။ ထိုအထဲမှ အများစုမှာ ဗိမာန်တော် ရည်စူးဝတ်ပြုပွဲတွင် ပါဝင်သူများဖြစ်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ဇနီးသည်၊ မြေးများနှင့်အတူ ကတ်လန်းဘုရားကျောင်းအနီးတဝိုက်သို့ လမ်းလျှောက်ထွက်ခဲ့သည်။ လမ်းလျှောက်ရင်းနှင့် ကျွန်ုပ်ချင့်ချိန်တွေးဆမိသည်မှာ အချို့သောသူများသည် သူတို့ကိုယ်တိုင် ဝိညာဉ်ဆိုင်ရာဆင်းသက်ကြွရောက်ခြင်းအား ကိုယ်တိုင်သက်သေခံခဲ့သောသူ ဖြစ်လင့်ကစား နောက်ဆုံးသူတို့တွင် ယုံကြည်ခြင်းတစ်စက်မျှ ကြွင်းကျန်ခြင်းမရှိသည်မှာ အလွန်ပင် ဝမ်းနည်းစရာကောင်းလှပါသည်။ ပို၍ဝမ်းနည်းစရာကောင်းသည်မှာ မယုံကြည်သူများက ပြောဆိုသော အတင်းအဖျင်း ပျက်ရယ်ပြုပြောဆိုမှုများ ကို သူတို့ကြံ့ကြံ့မခံနိုင်ခြင်းပင်ဖြစ်သည်။ သူတို့ကိုယ်တိုင် ငွေကြေး အခက်အခဲများ၊ ရန်းကန်မှုများနှင့် ရင်ဆိုင်ရချိန်တွင် သတိမြဲမြံသောယုံကြည်ခြင်းဖြင့် ကြံ့ကြံ့ခံနိုင်သောခွန်အားကို မိမိကိုယ်တိုင်မိမိမရှာနိုင်ခြင်းပင်ဖြစ်သည်။ ထိုအရာများက သူတို့အား ကျောင်းတော်တွင်ရည်စူးပြုလုပ်သည့် အံ့သြဖွယ်ကောင်းသော ဝိညာဉ်ရေးရာ စုဝေးခြင်း အစီအစဉ်များကို တက်ရောက်ရန် မေ့လျော့စေလောက်အောင် ဖြစ်စေခဲ့ပါသည်။

## သင်ခန်းစာများ

ဖော်ပြပါအသင်းတော်သမိုင်းကြောင်းအတိုင်း ထိုကဲ့သို့ သတိချပ်ဖွယ်ကောင်းသောဖြစ်စဉ်ကာလမှ မည်သည့်သင်ခန်းစာကို သင်ရရှိသနည်း။

သင်ခန်းစာများထဲမှ တစ်ခုဖြစ်သည့် ကတ်လန်းကာလ၏ သည်းခံနိုင်ခြင်းသင်ခန်း စာအရ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာတစ်သမတ်တည်းပြည့်ဝရန် လိုအပ်ပါသည်။ ဥက္ကဋ္ဌကြီး ဟာရိုး ဘီလီး (၁၈၉၉–၁၉၇၃) မိန့်ကြားခဲ့သည့်အတိုင်း “သက်သေခံခြင်းသည် ယနေ့တစ်ရက်တည်းအတွက် သက်သေခံခြင်းမဟုတ်ပဲ အမြဲတမ်းသိမ်းဆည်းထားရမည့်အရာဖြစ်သည်။ သက်သေခံခြင်းသည် မိမိ၏လုပ်ဆောင်မှုအပေါ်တွင် အခြေခံ၍ တဖြည်းဖြည်းကြီးမားလာသည့်အခါ သင်သည် ထက်မြက်သောစွမ်းရည်တစ်ခုကို ရရှိမည်မှာ ဧကန်ပင်ဖြစ်ပြီး၊ တဖြည်းဖြည်း လျော့ကျလာပါက သင့်တွင်မည်သည့်အရာမျှ ကျန်ရှိတော့မည် မဟုတ်ပါ။ ကျွန်ုပ်ပြောနိုင်သည်မှာ မိမိ၏သက်သေခံခြင်းအား နေ့တိုင်းပြန်လည် တွေးတောဆင်ခြင်နိုင်ပါလျှင် ထိုအရာက ကျွန်ုပ်တို့တွင်ကျရောက်မည့် အန္တရာယ်နှင့်ဆန့်ကျင်မှုများကြားမှ ကျွန်ုပ်တို့အား ကယ်တင်နိုင်ပါလိမ့်မည်။” ကျွန်ုပ်တို့ ကြုံတွေ့ရမည့် ဆန့်ကျင်ဘက်ဆိုးယုတ်သည့်အရာများမှ လွတ်မြောက်နိုင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် နေ့စဉ်နေ့တိုင်းနီးကပ်စွာရှိနေရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ယနေ့ကမ္ဘာတွင်ဖြစ်ပျက်မှုများသည် ၁၈၃၀ခုနှစ်ကတ်လန်း၏ဖြစ်စဉ်နှင့်ဆင်တူရိုးမှားပင်ဖြစ်ပါသည်။ကျွန်ုပ်တို့သည်လည်းပဲကတ်လန်းကာလအတိုင်းပင် စီးပွားရေးကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရ ချိန်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော ပျက်ကပ်ကြောင့် အသင်းတော်နှင့်အသင်းဝင်များအား ဆန့်ကျင်နေသူ များလည်း ရှိပါသည်။ တခုခြင်းဖြစ်စေ၊ စုစည်း၍ဖြစ်စေ စီရင်စစ်ဆေးခြင်းသည် တခါတရံတွင် အလွန်ကြီးမားသော ဖိစီးခြင်းကိုဖြစ်စေပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အား ဘုရားသခင်က အမြဲတမ်းသူ့အနားသို့ခေါ်ဆောင်ထားရန်လိုအပ်ပါသည်။ ဘုရားသခင်က သူ့အနားသို့ခေါ်ဆောင်ထားရန် မည်သည့်အရာကျွန်ုပ်တို့တွင် လိုအပ်နေသည်ကို သိရှိနား လည်စွာပြင်ဆင်လုပ်ဆောင်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ပိုမိုလုံ့လစိုက်၍ အောင်မြင်အောင်ကြိုးပမ်းနိုင်လျှင်သူ့အားကျွန်ုပ်တို့တွေ့ရှိမည်မလွဲပင်ဖြစ်ပါသည်။ ဘုရားသခင်က သူ၏အသင်းတော်နှင့် သူ၏သစ္စာရှိသော သူတော်စင်တို့အား မည်သည့်အခါမျှမျက် ကွယ်ပြုမည်မဟုတ်သည်ကို သင်ပို၍ထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်သည်။ ကျွန်ုပ် တို့မျက်စိအစုံသည် ပိုမိုပွင့်လင်းလာလိမ့်မည်။ ထိုမှတဖန် ကောင်းကင်ဘုံပြတင်းပေါက်အား ဖွင့်၍ သူ့အားပိုမိုထင်ရှားစွာမြင်စေပြီး သူ့၏အလင်းအားဖြင့် ကျွန်ုပ်တို့အား သန့်စင် စေမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အမှောင်ဆုံးညများတွင်ပင် ရှင်သန်ခွင့်ကိုပေးနိုင်သော ဝိညာဉ်ခွန်အားကို ရရှိလိမ့်မည်ဖြစ်ပါသည်။

ကတ်လန်းရှိအချို့သော သူတော်စင်များသည် သူတို့ကိုယ်တိုင်တွေ့ရှိပြီးသော ဝိညာဉ်ရေးရာအတွေ့အကြုံ များကို လစ်လျူရှုကြသော်လည်း အများစုမှာ ထိုကဲ့သို့မဟုတ်ပါ။ ထိုအထဲတွင် အရေးပါဆုံးသောသူဖြစ်သည့် ဝီလျမ်ဒရာပါ ကိုယ်တိုင် မြဲမြံစွာဆုပ်ကိုင်ပြီး ဘုရားသခင်မှ ပေးသောဝိညာဉ်ရေးရာအသိဉာဏ်ကို အယောက်တိုင်းအားလျှင်မြန်စွာ သိရှိနားလည်စေရန်နှင့်ပရောဖက်များ အဆုံးအမကို ဆက်လက်လိုက်လျှောက်ရန် ခွန်အားပေးလျှက်ရှိပါသည်။ ထိုကဲ့သို့လုပ်ဆောင်စဉ်တလျှောက်တွင် သူတို့အတွက် ခါးသီးသောစီရင်ခြင်းအား ခံရသော်လည်း အဆုံးစွန်ထိ သည်းခံနိုင်စွမ်းရှိသူများအတွက်လည်း ချိုမြိန်သော ဝိညာဉ်ရေးရာတဟုန်ထိုး တိုးတက်ခြင်းကိုရရှိခဲ့ကြပါသည် “မဆုံးသော ပျော်ရွှင်ခြင်း ဘဝကို … သင်တို့ရရှိလိမ့်မည်” (မောရှေ ၂း၄၁)။

ယုံကြည်ခြင်းအားသင် မြဲမြံစွာ ဆုပ်ကိုင်နိုင်ပါသည်။

အကယ်၍သင်သည် ယုံကြည်ခြင်းမှ သွေဖယ်အောင် ဖြားယောင်းခြင်းခံရလျှင် ယုံကြည်ခြင်းဖြင့် အမှန် တရားအတိုင်း ဆက်လက်လုပ်ဆောင်နေသော ကတ်လန်းမှ သူတော်စင်များအားသတိရပါ။ ဆက်လက်၍ အနည်းငယ်ကြာမြင့်သောအချိန်အထိ ဆုပ်ကိုင်ထားပါ။ သင်အောင်မြင်အောင်လုပ်နိုင်သည်ကို ကျွန်ုပ်သိပါသည်။ သင်သည် ထူးမြတ်သော မျိုးဆက်ထဲမှတစ်ယောက်ဖြစ်ပါသည်။ သင်သည် ဤ လုပသောကမ္ဘာမြေကြီးပေါ်မှ ထိုအရေးကြီးသောအချိန်ကို ပုံမှန်အတိုင်း ဖြတ်သန်းနိုင်ရန် ပြင်ဆင်ထားပါ။ သင်သည် ကောင်းကင်ဘုံနှင့်ဆိုင်သောမှတ်တမ်းမှ တစ်ယောက်ဖြစ်သောကြောင့် သင့်ဘဝ ထာဝရတာ အတွက် အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် လိုအပ်သော ပင်ကိုယ်စွမ်းရည်များအားလုံးသည် သင့်တွင် ရှိပြီးသား ဖြစ်ပါသည်။

ဘုရားသခင်က သင့်အား မှန်ကန်သော သက်သေခံမှုအတွက် ကောင်းချီးပေးပြီး ဖြစ်ပါသည်။ သူ၏စွမ်းအားကို သင်ကိုယ်တိုင်မြင်တွေ့ရသလို သူ၏လွှမ်းမိုးမှုကိုလည်း သင်ကိုယ်တိုင်ခံစားရခဲ့ပြီးဖြစ်ပါသည်။ အကယ် ၍သင်သည် သူ့အား ဆက်လက်ဆုပ်ကိုင်ထားနိုင်ပါက သူကလည်း သင့်အား ပိုမိုကောင်းမွန်သော မွန်မြတ်သည့်အရာများကို နှင်းအပ်မည်ဖြစ်ပါသည်။ ထိုအရာနှင့်အတူ အခြားဝိညာဉ်ဆိုင်ရာလက်ဆောင်များကို လည်းပေးအပ်လိမ့်မည်။ ထိုအားဖြင့် သင်သည် သင်၏ကိုယ်ပိုင်ဘဝအား ပိုမိုကောင်းမွန်သော အနေအထား သို့ပြောင်းလဲနိုင်သည့်အပြင် သင်၏အိမ်သားများ၊ အသင်းတော်ခွဲများ၊ အသိုင်းအဝိုင်းများ၊ မြို့ရွာများ၊ ပြည်နယ်များ နှင့် နိုင်ငံများအားလုံးတွင် သင်၏ကောင်းမြတ်ခြင်းကြောင့် ကောင်းချီးခံစားရလိမ့်မည်။

ထိုအရာသည် အချိန်ကာလတစ်ခုအတွင်း၌ တွေ့ရှိနိုင်ရန်ခက်ခဲပါလိမ့်မည်။ သို့သော် သင်ဆက်လက်၍ အနည်းငယ်ပိုမိုကြာရှည်အောင် ဆုပ်ကိုင်ထားနိုင်ပါက "မျက်လုံးဖြင့်မမြင်နိုင်လျှင်သော်လည်းကောင်း၊ နားဖြင့်မကြားနိုင်လျှင်သော်လည်းကောင်း သင်၏နှလုံးသားအတွင်းသို့ ဝင်ရောက်လာမည်၊ ဘုရားသခင်က သင်တို့အတွက် ပြင်ဆင်ပေးတော်မူသောအရာကား သူ့အားချစ်၍ သူ့အားစောင့်ဆိုင်းရန် ဖြစ်ပါသည်" (၁ကောရိန္သု ၂း၉၊ ဒေသနာနှင့် ပဋိညာဉ်ကျမ်း ၇၆း၁၀၊ ၁၃၃း၄၅)

ကျွန်ုပ်သည် မူလအတိုင်းပြန်လည် ပြင်ဆင်ထားသော ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းကောင်း၏ မှန် ကန်ခြင်းနှင့် သူ၏အသင်းတော် မှန်ကန်ခြင်းတို့အတွက် မျက်မြင်သက်သေဖြစ်ပါသည်။ ကျွန်ုပ်၏ နှလုံးသားနှင့် ဝိညာဉ်မှ သက်သေခံသည်မှာ ဘုရားသခင်သည် ထာဝရတည်ရှိ၏။ ယေရှုခရစ်တော်သည် သူ၏သား ဖြစ်ပြီး ဤအသင်းတော်ကြီး၏အထက်တွင်ရပ်တော်မူ၏။ ဥက္ကဋ္ဌကြီး သောမတ်အက်မွန်ဆန်သည်လည်း နောက်ထပ်ဖြစ်တည်သော ဤမြေကြီးပေါ်မှ ပရောဖက် တစ်ဦး ဖြစ်၏။

ကျွန်ုပ်တို့သည် ကတ်လန်းအဖြစ်အပျက်အားသင်ခန်းစာယူ၍ အရာရာတိုင်းသည် မျှော်လင့်ချက်ကင်းမဲ့ သည်ဟုထင်မြင်နေလင့်ကစား အနည်းငယ် ပိုမိုကြာမြင့်စွာ ကြိုးစား၍ ဆုပ်ကိုင်ကြပါစို့။ သင်၏စိတ်တွင် စွဲမှတ်ထားရမည်မှာ ဘုရားသခင်သည် သင့်အားချစ်တော်မူ၏၊ သင့်အားသတိရတော်မူ၏။ သူသည် "အဆုံးစွန်သော ယုံကြည်ခြင်းဖြင့် သည်းခံနိုင်စွမ်း" ရှိသူအား ခွန်အားပေးသနားတော်မူလိမ့်မည်။

## မှတ်စုများ

၁။ ဥပမာအားဖြင့် အပိုင်း ၄၅၊ ၅၆၊ ၇၆၊ ၈၄၊ ၈၉၊ ၉၇ နှင့် ၁၀၄ တွင်ကြည့်ပါ။
၂။ ဒေသနာနှင့်ပဋိညာဉ်ကျမ်း ၇၆း၂၃၊ ၁၁၀း၂–၄၊ ၁၁–၁၃ တွင် ကြည့်ပါ။
၃။ ဝီလျမ် ဒရာပါ၊ "ဝီလျမ် ဒရာပါ၏ အတ္ထုပ္ပတ္တိ ဘဝရေး နှင့် မွေးဖွားခြင်းနှင့် မိသားစု သမိုင်းမှတ်တမ်း အကျဉ်းချုပ်" (၁၈၈၁)၊ လက်နှိပ်စက်မှု၊ အသင်းတော် သမိုင်းစာကြည့်တိုက်၊ ၂၊ စာလုံးပေါင်းနှင့်စာလုံးကြီး အရေးအသား စံပုံစံအတိုင်း ပြင်ဆင်ထားသည်။
၄။ အသင်းတော် သမိုင်း ၂း၄၂၈။
၅။ လောရန်ဇို စနိုး၊ "အကျယ်တဝင့် ဟောပြောချက်" Deseret အပတ်စဉ်သတင်း၊ စရက်၊ ဇွန်လ၊ ၁၈၈၉၊ ၂၆။
၆။ ဥက္ကဋ္ဌကြီး ဟာရိုး ဘီ လီး ၏သင်ကြားမှု (၂၀၀၀)၊ ၄၃။

### အမှာစာကားအား သင်ကြားရခြင်းအတွေးစိတ်ကူး

ဤအမှာစကားအားဆုတောင်းချက်ဖြင့်လေ့လာပြီးချိန်၌စိတ်ထဲဝင်ရောက်လာသည်မှာထိုအမှာစကားအားသင်ကြားလေ့လာရန်လိုအပ်ခြင်းပင်ဖြစ်သည်။ အားလုံး၏စိတ်ထဲတွင် အသုံးဝင်မည်ဟုထင်သော အချို့သောကျမ်းပိုဒ်များ၊ အချက်အလက်များကို အမှာစကားမှာ ပြန်လည် ကောက်နုတ်ထားပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်မှ သင်၏လေ့လာသင်ယူခြင်းကို ပြင်ဆင်နိုင်ရန် ကူညီပါလိမ့်မည်။ (ဒေသနာနှင့် ပဋိညာဉ်ကျမ်း ၄၂း၁၄၊ ၄၃း၁၅–၁၆)။ ထို့ထက် ပို၍သင်၏သက်သေခံချက်ကိုဝေမျှပြီး အခြားသူများထံမှလည်း သူတို့၏အတွေ့ အကြုံနှင့်သက်သေခံချက်များကို ပြန်လည်ဝေမျှရန် ဆန္ဒရှိသူများကို သင်ကိုယ်တိုင် မေး မြန်းခြင်းပြုလုပ်ရန်မမေ့ပါနှင့်။ (အခြားသောသင်ကြားမှုဆိုင်ရာညွှန်ပြချက်များကို "Teaching, No Greater Call" တွင် ကြည့်ပါ။

## လူငယ်များအတွက်

### သင်၏သက်သေခံခြင်းမှ ရရှိသောခွန်အား

အောက် ဖော်ပြပါ မိမိကိုယ်မိမိ ချင့်ချိန်မှုဖြင့် မေးမြန်းစုံစမ်းခြင်းကို အသုံးပြုပြီး သင်၏သက်သေခံခြင်းမှ သင့်အတွက် ခွန်အားရရှိရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို စဉ်းစားပါ။

- ငါသည်ယုံကြည်ရန် ဆန္ဒရှိပါသလား။
- ငါသည်ပိုမိုပြင်းထန်သောသက်သေခံခြင်းအတွက် နှေးကွေးခြင်းမရှိပဲ ဆုတောင်းခြင်းကို ပြုလုပ်နိုင်ပါသလား။
- ငါသည်ကျမ်းစာအားလေ့လာဖတ်ရှု၍ ဆင်ခြင်တွေးတောခြင်းကို နေ့တိုင်းပြုလုပ်ပါသလား။
- ငါသည် ပညတ်များကိုနေ့စဉ်ထိန်းသိမ်းပါသလား။
- ငါသည် သန့်ရှင်းသောဝိညာဉ်တော်လှုံ့ဆော်လမ်းပြသည့်အတိုင်းလိုက်လျှောက်ပါသလား။
- ငါသည် ချက်ခြင်းသောလုပ်ဆောင်စရာရှိသောအခါ ငါ၏သက်သေခံချက်အတိုင်းသယ်ဆောင်ပါသလား။

## ကလေးများအတွက်

### ဘုရားသခင်၏အနားသို့ရောက်အောင်သွားပါ

ပရောဖက် ဂျိုးဇက်စမစ်သည် အိုဟိုင်းအိုး၊ ကတ်လန်းတွင် ဗျာဒိတ်တော်ကိုရရှိခဲ့သည်။ ဘုရားသခင်က သူ့အားပြောကြားသည်မှာ "သင်သည် ငါ့အနား သို့ရောက်အောင်လာလျှင် ငါသည်လည်း သင်၏အနားတွင် ပင်ရှိနေလိမ့်မည်၊ မြဲမြံစွာဆုပ်ကိုင်နိုင်ခြင်းဖြင့် သင်သည်ငါ့အားတွေ့ရှိလိမ့်မည်" (ဒေသနာနှင့်ပဋိညာဉ် ကျမ်း ၈၈း၆၃)။ ဘုရားသခင်၏အနားကိုရောက်ရှိနိုင်ရန် တခုသောနည်းလမ်းမှာ သူ၏ပရောဖက်များထားရှိသော အဆုံးအမအတိုင်း လိုက်လျှောက်ခြင်းပင် ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး သောမတ်စ် အက်စ် မွန်ဆန်က ကျွန်ုပ်တို့အား ဖြစ်ရပ်များကို ပန်းချီဆွဲရန် ပြောကြားခဲ့သည်။

ဆုတောင်းပါ

ကြင်နာတတ်ပါ

ကြိုးစား၍သင်ယူပါ။

အခြားသူများကိုတတ်နိုင်သမျှ ကူညီပါ

သင်၏သက်သေခံချက်အား ဝေမျှပါ။

ကျမ်းစာလေ့လာဖတ်ရှုပါ။

© 2009 by Intellectual Reserve, Inc. All rights reserved. အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်သည်။ အင်္ဂလိပ်စာခွင့်ပြုချက်–၆/၀၉၊ ဘာသာပြန်ခွင့်ပြုချက်–၆/၀၉၊ ပထမဥက္ကဋ္ဌအဖွဲ့၏ မိတ်သဟာရသင်ကြားခြင်း အမှာစကား၊ ဇန်နဝါရီ ၂၀၁၀ အားဘာသာပြန်ဆိုခြင်း၊ Burmese. 09361 256

# မိမိကိုယ်ကို မိမိယုံကြည်စိတ်ချမှု ဖြစ်ပေါ်လာခြင်း

ဤကျမ်းပိုဒ်များနှင့် ကိုးကားချက် များကိုအခြေခံ၍သင်ကြားပါ။ လိုအပ်ပါကသင်မိသဟာရ သွားရောက် သင်ကြားသော အိမ်မှမောင်နှမများ၏ ကောင်းချီးအတိုင်း အခြားသောသဘောတရားများကိုလိုအပ်သလို သင်ကြားပါ။ သမ္မာတရားမှလာသော သက်သေခံချက်များကိုဖော်ပြပါ။ မိမိခံစားရသည်ကို ဝေမျှချင်သူ၊ သင်ယူလေ့လာချင် သူတိုင်း ကို ဖိတ်ခေါ်ပါ။

## မိမိကိုယ်ကို မိမိယုံကြည်စိတ်ချခြင်း ဆိုသည်မှာ အဘယ်နည်း။

"မိမိကိုယ်ကို မိမိယုံကြည်စိတ်ချခြင်း ဆိုသည်မှာ ကျွန်ုပ်တို့ကိုယ်တိုင် သို့မဟုတ် ကျွန်ုပ်တို့မိသားစုများအား စောင့်ရှောက်ခြင်းနှင့် ပြဿနာအရေးအခင်းတစ်စုံတစ်ရာနှင့်တွေ့လျှင် ဖြေရှင်းနိုင်ရန် ကောင်းကင်ဘုံအဖဘုရားက ပေးထားသောကောင်းချီးကို ဆိုလိုပါသည်။" ကျွန်ုပ်တို့အယောက်စီတိုင်းသည် ပြဿနာတစ်စုံ တရာမလာခင် ရှောင်ရှားနိုင်ရန်နှင့်အကယ်၍ ထိုပြဿနာသည် ဖြစ်ပေါ်ခဲ့ပါလျှင်လည်း စိန်ခေါ် ဖြေရှင်းရန် တာဝန်ရှိပါသည် ...

"မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချနိုင်အောင်မည်သို့ပြုလုပ်ရမည်နည်း။ ကျွန်ုပ်တို့သည်လုံလောက်သောအသိဉာဏ်ရှိခြင်း၊ ပညာအရည်အချင်းရှိခြင်းနှင့် တတ်မြောက်ပြည့်စုံခြင်း၊ မိမိ၏ငွေကြေးနှင့် ပိုင်ဆိုင်မှုများကိုဉာဏ်ပညာရှိစွာစီမံခန့်ခွဲနိုင်ခြင်း၊ ဝိညာဉ်ရေးရာကြံ့ခိုင်ခြင်း၊ အရေးပေါ်နှင့်နောက်ဆုံးတွင် ဖြစ်လာနိုင်သည့် အခြေအနေအတွက် ပြင်ဆင်ထားခြင်း၊ မိမိ ကျန်းမာရေးအား ဂရုတစိုက်ရှိခြင်း၊ လူမှုရေးနှင့် စိတ်ခံစားမှုအား ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခြင်းတို့ရှိခြင်းအားဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်ချနိုင်ပါသည်။"

ဂျူလီ ဘီ ဘက်၊ ယုံကြည်မှုအသင်းကြီး၏ အထွေထွေဥက္ကဋ္ဌကြီး

## ဧဝံဂေလိသတင်းကောင်းတာဝန်ဝတရား

ကျွန်ုပ်တို့သည် နောင်ရေးအတွက်ဂရုတစိုက်ကြိုတင်စီမံထားခြင်းနှင့် ကျွန်ုပ်တို့အား ဘုရားသခင်မှပေးထားသောစွမ်းရည်အား တိုးမြှင့်ခြင်းအားဖြင့် မိမိကိုယ်ကို ပိုမိုစိတ်ချယုံကြည်နိုင်ပါသည်။ ယုံကြည် စိတ်ချနိုင်ခြင်းသည် မိမိကိုယ်ကိုမိမိစောင့်ရှောက်နိုင်ရန် အဘဘုရားသခင်မှ ကျွန်ုပ်တို့အား ပေးအပ်ထားသော ဝိညာဉ်ရေးရာနှင့် ကောင်းကျိုးချမ်းသာနှစ်ဖြာအတွက် ကျွန်ုပ်တို့ကိုယ်တိုင် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ မိမိကိုယ်မိမိယုံကြည်စိတ်ချခြင်းမှ ကယ်တင်ရှင်သခင်အားအတုယူ၍ အမှုတော်ဆောင်ခြင်းနှင့် အခြားသူများကို ကောင်းချီးပေးခြင်းအား ပြုလုပ်နိုင်ပါလိမ့်မည်။

အရေးကြီးဆုံးသောအချက်မှာ မိမိကိုယ်မိမိယုံကြည်စိတ်ချခြင်းသည် အစွန်းဆုံးအထိဆိုလိုပါသည်။ ကျွန်ုပ်တို့ဘဝတွင် အလိုချင်ဆုံးအရာသည်ကား ကယ်တင်ရှင်သခင်ကဲ့သို့ဖြစ်လာရန်ဖြစ်ပြီး။ ထိုဘဝပန်းတိုင်ကို ရရှိခြင်းဖြင့် တစ်ကိုယ်ကောင်းစိတ်မရှိပဲ အနစ်နာခံ၍ အခြားသူများ၏ အမှုကိုဆောင်ရွက်ပေးနိုင်ခြင်းအဖြစ် ထပ်မံမြှင့်တင် ဆောက်ရွက်နိုင်ပါသည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချခြင်းတိုးမြင့်လာခြင်းနှင့် လျော့နည်းသွားခြင်းတို့က ကျွန်ုပ်တို့၏စွမ်းရည်အား အနိမ့်အမြင့်ကိုဖြစ်ပေါ်စေပါသည်။

ရောဘတ် ဒီ ဟေးစ်၊ တမန်တော် ဆယ်နှစ်ပါးကောင်စီ

မိမိကိုယ်ကို မိမိယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ ရလာဒ်ဖြစ်ပြီး လက်တွေ့ကျသော ကောင်းကျိုးချမ်းသာတစ်ခုဖြစ်ပါသည်။ ထိုအရာသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာနှင့် လောကီရေးရာအတွက် ကောင်းမွန်သောအရာတစ်ခု ဖြစ်ပါသည်။ ထိုသဘောတရားကိုအခြေခံ၍ ဥက္ကဋ္ဌကြီး မာရီယွန် ဂျီ ရွန်မ်နေး (၁၈၉၇–၁၉၈၈) က ပြောကြားသည်မှာ "ကျွန်ုပ်တို့၏ လိုအပ်ခြင်းများအတွက် အလုပ်လုပ်ကြပါစို့၊ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့မှီခို၍ လွတ်လပ်စွာနေကြပါစို့။ ကယ်တင်ခြင်းသည်အခြားသောနိယာမများမှ မရရှိနိုင်ပါ။ ကယ်တင်ခြင်းသည် အယောက်တိုင်းစီအတွက် သီးခြားအရာ တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ် မိမိ ကယ်တင်ခြင်းဖြင့် ဝိညာဉ်ရေးရာနှင့်လောကီရေးရာအတွက် လုပ်ဆောင်ကြပါစို့"...

"ဥက္ကဋ္ဌကြီး စပန်ဆာ ဒဗလျူ ကင်မ်ဘောလ် (၁၈၉၅–၁၉၈၅) မိမိကိုယ်မိမိယုံကြည်ခြင်းနှင့်ပတ်သက်ပြီး ထပ်ဆင့်ပြောကြားသည်မှာ "အယောက်တိုင်းစီအတွက် လုပ်ဆောင်ရမည်မှာ လူမှုရေး၊ စိတ်ခံစားချက်၊ ဝိညာဉ်ရေးရာ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စီးပွားရေးအားလုံးကောင်းမွန်ပြည့်စုံအောင်စီမံခန့်ခွဲနိုင်ခြင်းဖြစ်သည်။ ပထမဦးစွာ မိမိကိုယ်ကိုကောင်းမွန်စွာစောင့်ရှောင်နိုင်ခြင်း၊ ဒုတိယအနေဖြင့် မိမိ၏ မိသားစုကို ကောင်းမွန် စွာစောင့်ရှောက်နိုင်ခြင်းနှင့် တတိယအနေဖြင့်ယုံကြည်သူဖြစ်ခဲ့ပါလျှင် မိမိ၏ အသင်းတော်အား ကောင်းမွန်စွာစောင့်ရှောက်နိုင်ရန် လိုအပ်ပါသည်။"

ဥက္ကဋ္ဌကြီး သောမတ်စ် အက်စ် မွန်ဆန်

### မိတ်သဟာရသင်ကြားခြင်း အထောက်အကူ

မိတ်သဟာရ ဓမ္မကျမ်းစာသင်ဆရာတစ်ယောက်အနေဖြင့် သင်ကြားနေသောသင်တန်းသားများ၏ အရိပ်အကဲ ကိုကြည့်၍ မည်သို့တုန့်ပြန်သင်ကြားရမည်ကို အမြဲတမ်းစဉ်းစားလေ့လာနေရန် လိုအပ်ပါသည်။ ထို့နောက် ညီအစ်ကို မောင်နှမ တစ်ယောက်ခြင်းစီနှင့် သူတို့၏မိသားစုများ၏ ယုံကြည်ခြင်းကို ပိုမိုကြိုးစား၍ အာရုံစိုက်လေ့လာခြင်းအားဖြင့် သင်ကြားမှုကို ပိုမိုအထောက်အကူပြုစေပါသည်။

### ကိုယ်ပိုင် ပြင်ဆင်ခြင်း

ကမ္ဘာဦးကျမ်း ၃း၁၉

ရှင်မဿဲ ၆း၃၃

ဒေသနာနှင့်ပဋိညာဉ်ကျမ်း ၈၂း၁၈–၁၉၊ ၁၀၉း၈

ပိုမို၍သိရှိလိုပါက **www.providentliving.org** တွင် ကြည့်ပါ။ All Is Safely Gathered In: Family Finances (item no. 04007); and All Is Safely Gathered In: Family Finances. All Is Safely Gathered In: Family Home Storage (item no. 04008)

### မှတ်စုများ

၁။ ''ယုံကြည်မှုဖြင့် ကောင်းကျိုးချမ်းသာ ပြည့်စုံစေသောအသင်းကြီး၏ ဥက္ကဋ္ဌကြီး'' မိမိကိုယ်ကိုယုံကြည်ခြင်း နှင့် ကောင်းကျိုးချမ်းသာရရှိခြင်း၏ အခြေခံသဘောတရား (၂၀၀၉)

၂။ ဧဝံဂေလိသတင်းကောင်း၏ ကောင်းကျိုးချမ်းသာ အမြင်အာရုံ – ယုံကြည်ခြင်း၏သက်ရောက်မှု၊ မိမိကိုယ်ကိုယုံကြည်ခြင်းနှင့် ကောင်းကျိုးချမ်းသာရရှိခြင်း၏ အခြေခံသဘောတရား (၂၀၀၉)

၃။ ''သင်နှင့် သင်၏မိသားစုကောင်းကျိုးချမ်းသာအတွက် အခြေခံသဘောတရားလမ်းညွှန်'' လိုင်ယာဟိုးနား ဖေဖော်ဝါရီ ၁၉၈၇၊

© 2009 by Intellectual Reserve, Inc. All rights reserved.

အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်သည်။ အင်္ဂလိပ်စာ ခွင့်ပြုချက်–၆/၀၉၊ ဘာသာပြန်ခွင့်ပြုချက်–၆/၀၉၊ ပထမဥက္ကဋ္ဌအဖွဲ့၏ မိတ်သဟာရသင်ကြားခြင်းအမှာစကား၊ ဇန်နဝါရီ ၂၀၁၀ အားဘာသာပြန်ဆိုခြင်း၊ Burmese. 09361 256